SPECIAL EDUCATION/PSYCHOLOGICAL SERVICES

# Procedures for Initial Evaluation

## ပထမအကြိမ် အကဲဖြတ်မှုအတွက်ကျောင်း၏ တောင်းဆိုချက်

၁. ကျောင်းသားကို အဆင့်ဆင့် စနစ်တကျပံ့ပိုးမှုများ (MTSS)မှ တဆင့် ပံ့ပိုးပေးထားပါသည်။ နောက်ထပ် ပံ့ပိုးမှုများ (အဆင့် ၁ ကို ကျော်လွန်ပါက) ကို ကျောင်းသားပံ့ပိုးရေးအသင်း(SST) စာရွက်စာတမ်းများတွင် မှတ်တမ်းတင်ထားရန်လိုအပ်ပါသည်။

၂. ကျောင်းသားသည် ကျောင်းမှ ထောက်ပံ့ပေးသော ကြားဝင်ကူညီမှုများတွင် လုံလောက်သော တိုးတက်မှုကို ပြုလုပ်ခြင်းမရှိပါက ကျောင်းက အကဲဖြတ်မှုအတွက် စတင်တောင်းဆိုပါမည်။ ကျေးဇူးပြု၍ မှတ်ထားပေးရန်- အကဲဖြတ်ရန်တောင်းဆိုမှုတစ်ခုစတင်ရန်စဉ်းစားသည့်အခါ လုံလောက်သော အချက်အလက်နှင့် အချိန်ကို ထည့်သွင်းစဉ်းစားသင့်သည်။

၃. ကျောင်းစိတ်ပညာရှင်သည် အကဲဖြတ်မှုကို သင့်လျော်မှုရှိမရှိဆုံးဖြတ်ရန် ကျောင်းသား၏ ပညာရေးအချက်အလက်များကို ပြန်လည်သုံးသပ်ပါမည်။

၄. ကျောင်းစိတ်ပညာရှင်မှ အချက်အလက်များကို သုံးသပ်သည့်အခါ အထူးပညာရေးအကဲဖြတ်မှုရရှိရန် သင့်လျော်မှု **<u>မရှိ</u>**ဟု ဆုံးဖြတ်ပြီးနောက်ပိုင်းတွင် ကျောင်းစိတ်ပညာရှင်သည် ငြင်းဆိုကြောင်းအသိပေးချက်ထုတ်ပြန်မည်ဖြစ်သည်။ မိဘများသည် ငြင်းဆိုကြောင်းထုတ်ပြန်စာကို ရရှိမည်ဖြစ်ပြီး ကျောင်း၏ တောင်းဆိုသည့် ရက်စွဲမှသည် ကျောင်းတက်ရက် ၁၀ ရက်အတွင်း လုပ်ထုံးလုပ်နည်းအကာအကွယ်မိတ္တူကို ရရှိပါမည်။ ကျောင်းကိုလည်း မိတ္တူတစ်စုံ ပို့ပေးပါမည်။

၅. အကယ်၍ အကဲဖြတ်မှုကို သင့်လျော်သည်ဟု ဆုံးဖြတ်ပါက ကျောင်းစိတ်ပညာရှင်သည် ပထမဆုံးအကဲဖြတ်ခြင်းဆိုင်ရာ အသိပေးချက်ကို ထုတ်ပြန်ပါမည်။ ပထမဆုံးအကဲဖြတ်ခြင်း ဆိုင်ရာ အသိပေးချက်နှင့် တခြားစာရွက်စာတမ်း (မက်ဒီကိတ်ကို ဘေလ်ပို့ရန်နှင့် E-2 အတွက် သဘောတူညီချက်) ကို မိဘဆီသို့ (အီးမေးလ် သို့မဟုတ် လူကိုယ်တိုင်) ပို့ပေးမည်ဖြစ်ပြီး မိဘများသည်ကျောင်း၏ တောင်းဆိုသည့် ရက်မှ ကျောင်းတက်ရက် ၁၀ ရက်အတွင်း အသိပေးချက်ကို ရရှိပါမည်။ ဤအခြေအနေတွင် မိဘများကို သဘောတူစာရွက်နှင့် တခြားလိုအပ်သော စာရွက်စာတမ်းများကို စိတ်ပိုင်းဆိုင်ရာဌာနသို့ တိုက်ရိုက် ပြန်ပို့ပေးရန် ညွှန်ကြားပါမည်။ မိဘသဘောတူညီချက်မရမချင်းအကဲဖြတ်မှုကို စတင်ဆောင်ရွက်မည်မဟုတ်ပါ။ အကယ်၍ မိဘသည် တစ်လအတွင်း သဘောတူညီကြောင်း လက်မှတ်ထိုးပြီး ပြန်မပို့ပါက မိဘများထံသို့ နောက်ထပ်တစ်စုံထပ်ပို့ပါမည်။ ဒုတိယအကြိမ်ပို့သော သဘောတူညီမှုစာရွက်စာတမ်းများကို ပြန်မပို့ပေးပါက အကြောင်းပြန်မှုမရှိခြင်းကြောင့် အင်ဒီယားနား IEP အတွက် အကဲဖြတ်မှုကို ပိတ်လိုက်ပါမည်။ စိတ်ပိုင်းဆိုင်ရာဝန်ဆောင်မှုအတွင်းရေးမှူးသည် ရည်ညွှန်းချက်များအား ပိတ်လိုက်သည့် အကြောင်းကို ကျောင်းစိတ်ပညာရှင်နှင့် ကျောင်းကို အသိပေးပါမည်။

၆. သဘောတူညီချက်ကို ပြန်လည်ရရှိပါက အကဲဖြတ်မှုကို ပြီးမြောက်အောင်လုပ်ဆောင်ပြီး ကျောင်းစိတ်ပညာရှင် သို့မဟုတ် စိတ်ပိုင်းဆိုင်ရာဝန်ဆောင်မှု အတွင်းရေးမှူးမှ မိဘသဘောတူညီကြောင်း စာရေးအကြောင်းပြန်ချက်ကို ရရှိပြီးနောက် အမှုတွဲအစည်းအဝေးကို ကျောင်းတက်ရက် ၅၀ရက်အတွင်း ကျင်းပပြုလုပ်ပါမည်။

၇. စိတ်ပိုင်းဆိုင်ရာဝန်ဆောင်မှုအတွင်းရေးမှူးသည် ပထမဆုံးသော ရည်ညွှန်းချက်နှင့် အကဲဖြတ်လုပ်ရှားမှုအားလုံးကို သင့်လျော်သောအဖွဲ့များ၏ အကဲဖြတ်သူများထံသို့ တာဝန်ချထားပါမည်။

၈. စိတ်ပိုင်းဆိုင်ရာဝန်ဆောင်မှုအတွင်းရေးမှူးသည် အပြန်အလှန်သဘောတူထားသော နေ့ရက်နှင့် အချိန်အတိုင်း အမှုတွဲအစည်းအဝေးကို ရက်ချိန်းပေးရန် အဆောက်အအုံများနှင့် လုပ်ကိုင်သွားပါမည်။ နေ့စွဲ/အချိန်ကို ကမ်းလှမ်းပြီး မိဘများနှင့် အတည်ပြုရန်မှာ အဆောက်အအုံဌာနများ၏ တာဝန်ဖြစ်သည်။

၉. အကဲဖြတ်မှုပြန်လည်သုံးသပ်သောအဖွဲ့သည် အကဲဖြတ်ရလဒ်များကို ဆွေးနွေးပြီး လိုအပ်သော အကြံပြုချက်များကို ပြုလုပ်ပါမည်။

၁၀. ကျောင်းစိတ်ပညာရှင်သည် ပထမဆုံးအမှုတွဲအစည်းအဝေးကို အသိပေးခြင်း/ရှာဖွေတွေ့ရှိမှုများကို အသိပေးခြင်း (အစည်းအဝေးသတိပေးချက်နှင့် အဆိုပြုထားသော အရည်အချင်းပြည့်မီမှု /အရည်အချင်းမပြည့်မီမှု) တို့ ပါဝင်သည်။

၁၁. အသိပေးချက်နှင့် အစီရင်ခံစာကြိုရရှိထားရန် စိတ်ပိုင်းဆိုင်ရာဝန်ဆောင်မှု အတွင်းရေးမှူးသည် ပထမဆုံးအမှုတွဲ အစည်းအဝေးကို ရက်ချိန်းမပြုလုပ်ခင် အနည်းဆုံး ၅ ရက်အတွင်း မိဘများကို အသိပေးချက်နှင့် အကဲဖြတ်မှုအစီရင်ခံစာကို စာတိုက်ဖြင့် ပို့ပေးပါမည်။

၁၂. နောက်ဆုံးတွင် ကျောင်းသား၏ အရည်အချင်းပြည့်မီမှုကို ဆုံးဖြတ်ရန် ပထမဆုံးအမှုတွဲ အစည်းအဝေးကော်မတီတွင် တာဝန်ရှိပါသည်။

## ပထမအကဲဖြတ်မှုအတွက် မိဘတောင်းဆိုမှု

၁. မိဘတစ်ဦးမှ နုတ်ဖြင့် သို့မဟုတ် စာရေး၍ အကဲဖြတ်မှုကို တောင်းဆိုလာပါက ကျောင်းအုပ် သို့မဟုတ် တာဝန်ရှိသူသည် E1 ဖောင်ပုံစံတွင် တောင်းဆိုချက်ကို ချက်ချင်းဖြည့်စွက်ပြီး အတန်းပိုင်ဆရာအား E3 ဖောင်ပုံစံကို ဖြည့်စွက်ခိုင်းရပါမည်။ E1 နှင့် E3 ဖောင်များကို မိဘ၏ တောင်းဆိုမှု ၂၄ နာရီအတွင်း စိတ်ပညာရှင်ထံသို့ တင်ရပါမည်။ မိဘကို ၎င်းတို့၏ တောင်းဆိုမှုပြုသည်နှင့်တပြိုင်တည်း လုပ်ထုံးလုပ်နည်းအကွယ်အကာမိတ္တူကို ပေးရပါမည်။

၂. ကျောင်းစိတ်ပညာရှင်သည် အကဲဖြတ်မှုအား သင့်လျော်မှုရှိမရှိကို ဆုံးဖြတ်နိုင်ရန် ကျောင်းသား၏ ပညာရေး အချက်အလက်များကို ပြန်လည်စီစစ်ရပါမည်။

၃. ကျောင်းစိတ်ပညာရှင်သည် အချက်အလက်များကို စီစစ်ပြီး အထူးပညာရေးအကဲဖြတ်မှုအတွက် သင့်လျော်မှု မရှိပါဟု ဆုံးဖြတ်ပါက ကျောင်းစိတ်ပညာရှင်သည် ငြင်းဆိုမှုဆိုင်ရာ အကြောင်းကြားစာတစ်ခုကို ထုတ်ပြန်ပါမည်။ မိဘများသည် ၎င်းတို့တောင်းဆိုမှုပြုလုပ်ပြီး ၁၀ ရက်အတွင်း ငြင်းဆိုကြောင်းအသိပေးစာနှင့် တကွ လုပ်ထုံးလုပ်နည်း အကာအကွယ်မိတ္တူကို ရရှိပါမည်။ မိတ္တူကို ကျောင်းကိုလည်း ပို့ပေးပါမည်။

၄. အကယ်၍ အကဲဖြတ်မှုကို သင့်လျော်သည်ဟု ဆုံးဖြတ်ပါက ကျောင်းစိတ်ပညာရှင်သည် ပထမဆုံး အကဲဖြတ်ခြင်းဆိုင်ရာအသိပေးချက်ကို ထုတ်ပြန်ပါမည်။ ပထမဆုံးအကဲဖြတ်ခြင်း ဆိုင်ရာ အသိပေးချက်နှင့် တခြားစာရွက်စာတမ်း (မက်ဒီကိတ်ကို ဘေလ်ပို့ရန်နှင့် E-2 အတွက် သဘောတူညီချက်) ကို မိဘဆီသို့ (အီးမေးလ် သို့မဟုတ် လူကိုယ်တိုင်) ပို့ပေးမည်ဖြစ်ပြီး မိဘများသည်ကျောင်း၏တောင်းဆိုသည့် ရက်မှ ကျောင်းတက်ရက် ၁၀ ရက် အတွင်း အသိပေးချက်ကို ရရှိပါမည်။ ဤအခြေအနေတွင် မိဘများကို သဘောတူညီချက်ဖောင် နှင့် တခြားလိုအပ်သော စာရွက်စာတမ်းများကို စိတ်ပိုင်းဆိုင်ရာ ဝန်ဆောင်မှုသို့ တိုက်ရိုက်ပို့ရန် ညွှန်ကြားလာပါမည်။ အကဲဖြတ်မှုကို မိဘသဘောတူညီချက်စာမရမချင်း စတင်လုပ်ဆောင်မည်မဟုတ်ပါ။ အကယ်၍ မိဘသည် တစ်လအတွင်း သဘောတူညီကြောင်း လက်မှတ်ထိုးပြီး ပြန်မပို့ပါက မိဘများထံသို့ နောက်ထပ်တစ်စုံထပ်ပို့ပါမည်။ ဒုတိယအကြိမ်ပို့သော သဘောတူညီမှု စာရွက်စာတမ်းများကို ပြန်မပို့ပေးပါက အကြောင်းပြန်မှုမရှိခြင်းကြောင့် အင်ဒီယားနား IEP အတွက် အကဲဖြတ်မှုကို ပိတ်လိုက်ပါမည်။ စိတ်ပိုင်းဆိုင်ရာဝန်ဆောင်မှုအတွင်းရေးမှူးသည် ရည်ညွှန်းချက်များကို ပိတ်လိုက်သည့် အကြောင်းကို ကျောင်းစိတ်ပညာရှင်နှင့် ကျောင်းကို အသိပေးပါမည်။

၅. မိဘသဘောတူညီချက်ကို ပြန်လည်ရရှိပါက အကဲဖြတ်မှုကို ပြီးမြောက်အောင်လုပ်ဆောင်ပြီး ကျောင်းစိတ်ပညာရှင် သို့မဟုတ် စိတ်ပိုင်းဆိုင်ရာဝန်ဆောင်မှုအတွင်းရေးမှူးမှ မိဘသဘောတူညီကြောင်း စာရေးအကြောင်း ပြန်ချက်ကို ရရှိပြီးနောက် အမှုတွဲအစည်းအဝေးကို ကျောင်းတက်ရက် ၅၀ရက်အတွင်း ကျင်းပပြုလုပ်ပါမည်။

၇. စိတ်ပိုင်းဆိုင်ရာဝန်ဆောင်မှုအတွင်းရေးမှူးသည် ပထမဆုံးသော ရည်ညွှန်းချက်နှင့် အကဲဖြတ်လှုပ်ရှားမှုအားလုံးကို သင့်လျော်သောအဖွဲ့များ၏ အကဲဖြတ်သူများထံသို့ တာဝန်ပေးပါမည်။

၈. စိတ်ပိုင်းဆိုင်ရာဝန်ဆောင်မှုအတွင်းရေးမှူးသည် အပြန်အလှန်သဘောတူထားသော နေ့ရက်နှင့် အချိန်အတိုင်း အမှုတွဲအစည်းအဝေးကို ရက်ချိန်းပေးရန် အဆောက်အအုံများနှင့် လုပ်ကိုင်သွားပါမည်။ နေ့စွဲ/အချိန်ကို ကမ်းလှမ်းပြီး မိဘများနှင့် အတည်ပြုရန်မှာ အဆောက်အအုံဌာနများ၏ တာဝန်ဖြစ်သည်။

၉. အကဲဖြတ်မှုအဖွဲ့သည် အကဲဖြတ်ရလဒ်ကို ဆွေးနွေးပြီး အရည်အချင်းပြည့်မီကြောင်း အကြံပြုချက်ကို ချမှတ်ပါမည်။

၁၀.ကျောင်းစိတ်ပညာရှင်သည် ပထမဆုံးအမှုတွဲအစည်းအဝေးအသိပေးခြင်း/ရှာဖွေတွေ့ရှိမှုများကို အသိပေးခြင်း (အစည်းအဝေးသတိပေးချက်နှင့် အဆိုပြုထားသော အရည်အချင်းပြည့်မီမှု /မပြည့်မီမှုတို့) ပါဝင်သည်။

၁၁.နောက်ဆုံးတွင် ကျောင်းသား၏ အရည်အချင်းပြည့်မီမှုကို ဆုံးဖြတ်ရန် ပထမဆုံးအမှုတွဲ အစည်းအဝေးကော်မတီတွင် တာဝန်ရှိပါသည်။